ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## အချစ်မှောက်ပဟောဝန်မှအပြန်



အချစ်
လုံးချင်းဝတ္ထုသစ်

ချစ်ခြင်းမေတ္တာဆိုတာ

အူထဲမှာ သန္ဓေတည်သလိုမျိုး

ထိတ်လန့်စရာ

ဟစ်တလာရဲ့ စကြ်ာတံဆိပ်ကို မြင်လိုက်ရသလို

သွေးထဲက အလိုလို ထိတ်လန့်လာ

ရွှေပိန်ညင်း

အချစ်မှာ လျှော့စျေးမရှိပေမဲ့

အထိမခံနိုင်လောက်အောင်

ယောင်ကိုင်းနေတဲ့ ရင်ဘတ်ကြီးရဲ့

သွေးစိမ်းရှင်ရှင်ပွက်ထ

စံပယ်ပွင့်လေးတွေအဖြစ်နဲ့

ချစ်သူခြေတော်ရင်းမှာ တဖြုတ်ဖြုတ်ကြွေ

ခက်ထန်

ဝသုန်၊ ခက်ထန်နှင့် ပိုင်စိုး။

သူငယ်ချင်းသုံးယောက်။ စိတ်တူကိုယ်တူတွေ။ နောက် စိတ်ကြမ်းကို ယ်ကြမ်း ရှိသူတွေ။

B.Eနောက်ဆုံးနှစ် စာဖြေပြီးကြတော့ သူဌေးဖြစ်ချင်သည့် စီမံကိန်း က ဖားကန့် မြေစာပုံတွေမှာ ရေမဆေးကျောက်သွားပြီး ရှာဖွေကြရန်။

ပိုင်စိုးက ဖြူဖြူနွဲ့နွဲ့မို့ စိတ်ကလည်း ခပ်ပျော့ပျော့။ သူက တားဆီး ရေးသမား။

'ဟေ့ကောင်တွေ၊ ခုတလော ဖားကန့်သတင်းတွေက မကောင်းဘူး ကွ။ မြေစာပုံပိပြီး သေကြတာတွေ fb က တက်လာတာ မမြင်ကြဘူး လား။ တော်ကြာ သူဌေးလောင်းမဖြစ်ဘဲ မသာလောင်းတွေ ဖြစ်ကုန်ကြ ပါဦးမယ်'

' လာပြီ အပျက်စကား၊ သေတာက နည်းနည်းပါကွာ၊ ကြီးပွားသွား တဲ့ သူတွေက အများကြီးပါ'

'ဝသုန်ရာ တရုတ်တွေက ကျောက်တွင်းတွေတူး၊ အဆီအနှစ်တွေယူ ပြီး စွန့်ပစ်လိုက်တဲ့ မြေစာပုံထဲက ယက်ရှာတော့ ငါတို့ ဗမာတွေရဲ့ အဖြ စ်က ဟိုဒင်း တရုတ်တွေစားလို့ အသားကုန်ပြီး အရိုးကျန်တော့မှ လျှာနဲ့ ဝိုင်းလုယက်နေရတဲ့ ခွေးငတ်တွေလို ဖြစ်နေပြီ'

'ကဲ ကိုယ်တော် လိုက်မှာ လား မလိုက်ဘူးလား၊ ဒါပဲပြော'

'အေးလေ၊ အစတုန်းကတော့ သွေးသောက်ရဲဘော်လေး ဘာလေးနဲ့ ။ အရေးလည်း ကြုံလာရော သစ္စာက ဖောက်ချင်ပြီ'

ဝသုန်နှင့် ခက်ထန်က နှစ်ယောက်သား ဝိုင်းပြီး နှိပ်ကွပ်နေကြတော့ ပိုင်စိုး ရယ်ကျဲကျဲ လုပ်နေရသည် ။

‘လိုက်ရတော့မှာ ပေါ့ကွာ။ တို့ (၃)ယောက်က နေရာတကာ မခွဲဘဲ လင်မယားလိုနေလာကြတာပဲ။ ခုမှ ခွဲလို့ ဘယ်ဖြစ်တော့မလဲ ယောက်ဖ တို့ ရာ’

‘အောင်မယ်၊ မင်းမှာ ပဲ နှမရှိတာ မောင်ပိုင်စိုးလေးရဲ့ ။ ငါတို့ က နှမ မရှိတဲ့ ကောင်တွေ။ တစ်ဦးတည်းသောသား၊ ဥတစ်လုံး နတ်ကွပ်တွေ’

သူငယ်ချင်း(၃)ယောက်သား ပျော်ပျော်ပါးပါးနှင့် ဆဲရင်းဆိုရင်းပင် ဖားကန့်ခရီးစဉ်ကို ပစ်ကနစ်ထွက်သလို၊ ဟန်းနီးမွန်းထွက်သလို စီစဉ် ဖြစ်ခဲ့ကြတာ။

စပွန်ဆာကတော့ ခက်ထန်ပေါ့။ သူကအဖော်ကောင်းလို့ သာ ပါလာ တာ။ သိပ်ပြီးချို့တဲ့ သူတော့ မဟုတ်။ သို့သော် သူ့ Biography က တစ် မျိုး။

ဖအေနှင့်မအေက စီးပွားရေးပဲ စိတ်ဝင်စားကြပြီး သူတလူ၊ ငါတ မင်းနှင့်။ သားကိုလည်း ငွေပေးလိုက်လျှင် ပြီးပြီလို့ များ ယူဆထားကြ လေသလား မသိ။

ဝသုန်နှင့် ပိုင်စိုးကတော့ ချို့တဲ့ ကြပါသည် ။ ဒီလိုပဲ ချို့ချို့တဲ့ တဲ့ နှင့် ကျောင်းတက်ခဲ့ရသူတွေ။ ပိုင်စိုးက ပိုဆိုးသည် ။ မိဘမဲ့၊ ညီမတစ် ယောက်ပဲ ရှိသည် ။ ဦးလေး လင်မယားက မသထာရေစာ ပေးကမ်း စွန့်ကြဲထားရတာ။

သည် တော့ သေမထူး၊ နေမထူးဘဝမှာ ဖားကန့်မြေစာပုံသို့ အိပ်မက်ကြီးကြီးမက်ပြီး သွားရောက် စီးပွားရှာကြမှာ မလွန်း။

(၃)ယောက်သား ရွှေရောင်အိပ်မက်များကို မျှော်မှန်းရင်း ဖားကန့်သို့ ချီတက်ခဲ့ကြတာ။

***

# အခန်း(၂)

တစ်လလောက် ကြာပြီးသည့် အခါမှာ တော့ မြေစာပုံပြိုကျလို့ သေဆုံး သူ တွေ ထဲ မှာ မပါဝင်ဖြစ်ပေမဲ့ မျက်စိရှေ့တွင် ပင် ရုတ်ရုတ်သဲသဲ(၂)ခါလောက် မြင်ပြီးကြပေပြီ။

လက်ထဲမှာ လည်း ကျောက်ကလေး နည်းနည်းပါးပါး စုဆောင်းမိကြပြီမို့ ပြည်တော်ပြန်ရန် ပြင်ကြသည် ။ သူတို့ (၃)ယောက်ကရသည့် ကျောက်များကို ပေါပေါလောလောနှင့် ရောင်းမပစ်။

မန္တလေးကျမှ အေးအေးဆေးဆေး ရောင်းမှာ ။

'ဒီမှာ က တစ်ထောင်တန်ရင် ငါးရာတောင် မပေးဘူးကွ၊ ပွဲတော်နဲ့ ဇာတ်ဖျင်းဆိုသလို သူ့အရပ်နဲ့ သူ့ဇာတ်ပေါ့ကွာ။ ဒီကမောင်တွေက လည်း ငွေလိုနေတာဆိုတော့ အနှိမ်ခံရတာပေါ့'

သည် လိုနှင့် (၃)ယောက်သား ရသမျှကျောက်ကလေးတွေကို စုဆောင်း သိုဝှက်ထားခဲ့ကြတာ။

တစ်လလောက်ကြတော့ အတော်အတန်လည်း ရခဲ့ပြီမို့ သူတို့ ပြန်ဖို့ စိုင်းပြင်းကြသည် ။

မနက်ဖြန် ပြည်တော်ပြန်မည်ဆိုခါမှ ။

*****

'ဟ ဟ'

သူတို့ (၃)ယောက်ရဲ့ တဲကို ဝိုင်းလာကြသည့် မျက်နှာဖုံး စွပ်(၃)ကောင်။

' လာပြီဟေ့၊ ငါတို့ ကိုများ လော်ပန်လောင်းတွေ အောက်မေ့နေသလား မသိဘူး'

'ရှိတာလေးတော့ မပါစေနဲ့ ဟေ့'

သူတို့ (၃)ယောက်လုံး အိပ်မပျော်ကြသေးတာ ဘုရားမတာ။ (၃)ယောက်စလုံး ဆတ်ခနဲကြုံးထပြီး ရရာလက်နက် စွဲကိုင်လိုက်ကြသည် ။

'ယား ယိ'

လူတွေကို အချဉ်ကောင်တွေများ မှတ်နေသလား။ ချွေးနဲ့စာလေးတွေကို လွယ်လွယ်တော့ လက်လွှတ်မပေးနိုင်ပါ။

လရောင်အောက်မှာ (၃)ယောက် (၃)ယောက်ချင်း တိုက်ကြ၊ ခိုက်ကြ၊ သတ်ကြ၊ ပုတ်ကြ။

တစ်တဲနှင့်တစ်တဲ သိပ်လည်း မနီးကြတာမို့ သူတို့ ဖြစ်ပျက်နေတာ ဘေးကလည်း မသိလောက်။

မီးကို ကြိတ်ပြီး ငြိမ်းသတ်သလိုမျိုး ငြိမ်းသတ်နေမိကြတာ။

‘အား’

နောက်ဆုံး ထို(၃)ယောက် ထွက်ပြေးသွားပြီး သူတို့ (၃)ယောက် ကျန်ခဲ့တော့မှ ပိုင်စိုးမှာ ဓားထိကျန်ခဲ့ကြောင်း သိလိုက်ကြရသည် ။

‘ဟာ ဒုက္ခပဲ။ ညကြီးမင်းကြီး ဘယ်သွားပြီး ဆေးကုရပါ့မလဲ’

‘ရ ရတယ်၊ ငါ့ကို သွေးထွက်မလွန်အောင် ပတ်တီးသာ စည်းပေး’

‘ဘေးတဲကလူတွေကို နှိုးမှ ဟော့ကောင်’

ရုတ်ရုတ်သဲသဲနှင့် အကျည်းတန်သော ညဟာ သူတို့ ရဲ့ ရွှေရောင် အိပ်မက်ထဲမှာ သွေးသံရဲရဲ။

ပစ္စန္တအရပ်မှာ မို့ ဆေးကုသဖို့ ဗျာများ နေကြဆဲ ပိုင်စိုးတစ်ယောက် ကံဆိုးစွာ ရေတိမ်နစ်ရပေတော့မည်။

‘သယ်ရင်း၊ ခက်ထန်နဲ့ ဝသုန်၊ ငါ့ညီမလေး ညီမလေး’

ငါ့ညီမလေးလို့ နောက်ဆုံးထွက်သက်အထိ တဖွဖွမှာ ကြားရင်း သေဆုံးသွားခဲ့သည့် ပိုင်စိုး။

မျက်စိထဲ သဲနဲ့ ပက်သလို သေခြင်းတရားက သူတို့ ကို မျက်လှည့်ပြသွားခဲ့သလား။

ခက်ထန်ရော၊ ဝသုန်ပါ ကြောင်အအ ငေးကြောင်ကြောင်ကြီးတွေ ဖြစ်ကျန်ခဲ့ရပြီ။

ညတွင်းချင်းပင် နာရီပိုင်းအတွင်း သေခြင်းတရားက ဒေးဗစ်ကော့ပါဖီးလို မျက်လှည့်ပြသွားခဲ့ပါပကော။

‘သူငယ်ချင်း ပိုင်စိုး’

‘သူငယ်ချင်းရေ မင်းအိမ်ကို ငါတို့ ဘယ်လိုပြန်ပြောရမလဲ’

‘မင်းညီမလေးကို ငါတို့ စောင့်ရှောက်ပါ့မယ်ကွာ’

ပိုင်စိုးအလောင်းကိုပိုက်ပြီး ငိုရင်း ညတွင်းချင်းပင် ကိစ္စဝိစ္စတွေ ပြီးအောင်လုပ်ကြရသည် ။

နေ့မြင်ညပျောက်၊ ဥပဒေစိုးမိုးမှုလည်း မရှိ၊ အနယ်နယ်အရပ်ရပ်မှ လူ့ပုံကျတွေ၊ လူ့ဗလာတွေကလည်း အများ အပြား။

လူကောင်းကနည်းနည်း၊ လူကြမ်းက များများ ၊ အချင်းချင်း လည်ကိုလှီးဖို့ ဝန်မလေးကြဘူးထင်ရဲ့ ။

နှလုံးသားတွေ ခါးသည်းလွန်းလို့ အိပ်မက်ဆိုးသာ ဖြစ်လိုက်ပါတော့လို့ အကြိမ်ကြိမ်မြည်တမ်းရင်း ငိုကြွေးရင်း ထိုညဟာ တော်တော်နှင့် မိုးမလင်းနိုင်ခဲ့သည့်ည။

***

## အခန်း(၃)

ဝသုန်နှင့်ခက်ထန်။

ကျောပိုးအိတ်ကိုယ်စီလွယ်ပြီး ပြန်ခဲ့ကြသည့် သူတို့ (၂)ယောက်ရဲ့ အိမ်ပြန်လမ်းက ခြောက်သွေ့တိတ်ဆိတ်လျက်။

သွားတုန်းက (၃)ယောက်၊ ယခု အပြန်မှာ တော့ (၂)ယောက်တည်း ဖြစ်ခဲ့ပြီ။

ပါလာသည့်ကျောက်များကို ရောင်းချဖို့ ထက် ပိုင်စိုး၏ အိမ်ကို အရင်သွားကြဖို့ သူတို့ နှစ်ယောက် ဆုံးဖြတ်ခဲ့ကြသည် ။

တကယ်တော့ သူတို့ (၃)ယောက်ဟာ အသည်းစားပေါင်းနေကြပေမဲ့ ပိုင်စိုး၏ အိမ်ကိုတော့ တစ်ခေါက်မျှ မရောက်ဖူးခဲ့ကြပါ။

သူကလည်း သူ့အိမ်အကြောင်းကို ပြောခဲ့သည် ။ အကြမ်းဖျင်း သိရသမျှ သူ့ဦးလေးကလည်း အပေါက်ဆိုးဆိုး။ ဦးလေးမိန်းမက ငယ်လည်းငယ်၊ လည်လည်း လည်သတဲ့ ။

သူတို့ မောင်နှမကို ကျွေးမွေးစောင့်ရှောက်နေသည် ဆိုပေမဲ့ ဆဲတာနှင့် ဆန်ချေးနှင့်ချဆိုတာလို ဖိနှိပ်မှုတွေများ လွန်းတော့ ပိုင်စိုးခမျာ တစ်ခါမှ စိတ်ချမ်းသာမှု မရခဲ့သည့် အနေအထား။

ယခုတော့ ပိုင်စိုး၏ ဦးလေးအိမ်သို့ သူတို့ (၂)ယောက် ရောက်လာခဲ့

ကြရပေပြီ။

သစ်သား(၂)ထပ်အိမ်နှင့်၊ ခြံနှင့်၊ ဝင်းနှင့်ပါပဲ။ ပိုင်စိုးတို့ မြို့က ခပ်ငယ်ငယ်။ သူ့ဦးလေးက အိမ်နှင့်တွဲပြီး အရက်ဆိုင်ဖွင့်ထားတာ။

'ဩော်'

ဒါကြောင့် ပိုင်စိုး သူ့အိမ်ကိုမခေါ်ချင်တာကိုး။

'ဒါ ဒါဆို သူ့ညီမလေးရော'

မိန်းကလေးဖြစ်သည့် ပိုင်စိုးရဲ့ ညီမလေးခမျာ ဘယ်လိုဘဝနှင့် နေရရှာမည်လဲ။

အရက်ဆိုင်ထဲမှ ဖြတ်လျှောက်ပြီးမှ အိမ်ထဲရောက်မည့် အနေအထား။ အခြေအနေက စိတ်ပျက်ဖွယ်။

ညနေမစောင်းသေးသည် မို့ လူကတော့ ခပ်ကျဲကျဲ။ အရက်သမားထုံးစံက နေညိုမှ လေပြိုကျမှာ လေ။

သို့သော် ယခုခေတ် အနေအထားကတော့ လူငယ်အများ စုဟာ မိုလိုပေါက်နေ၊ ပေါနေသည့် အရက်ဆိုင်ယဉ်ကျေးမှုထဲမျာ အရက်မြစ်ထဲ မျောနေလိုက်ကြတာ နေ့မှန်းညမှန်းပင် မသိကြတော့။

အသိဉာဏ်တွေက ချို့တဲ့ ။ စာပေဗဟု သုတလည်း မဖတ်ကြတော့ အရက်ချက်စက်ရုံတွေမှာ အရက် ဘယ်လိုချက်တယ်၊ ဝိသမလောဘသားတွေရဲ့ ဘယ်သူသေသေ ငတေမာပြီးရော ဓာတ်ကွက်တွေကို မသိနားမလည်။

မိုးလင်းကတည်းက အရက်ဆိုင်ရောက်နေကြသည့် လူငယ်တွေလည်း အများ အပြား။

ခက်ထန်နှင့် ဝသုန်တို့ နှာခေါင်းရှုံ့လျက် အရက်ဆိုင်ထဲသို့ ဝင်လိုက်ကြရသည် ။

ဆိုင်ကောင်တာမှာ ထိုင်နေသည့် ခပ်ဝဝ၊ မျက်နှာပေါက်ဆိုးဆိုးဟာ ပိုင်စိုးရဲ့ ဦးလေးဖြစ်မည်။ နောက် အရက်ချင်ပေးနေသူက သူ့မိန်းမ။

စံပယ်ပန်းလေး ရေနွေးဖျောထားသလို မျှော်လင့်ချက်မဲ့နေသည့် မျက်ဝန်းလေးနှင့် ကောင်မလေးကတော့ ပိုင်စိုးရဲ့ ညီမလေးဆိုတာ ဖြစ်မည်။

ကြည့်စမ်းပါဦး။ ရုပ်ကလေး သနားကမားပေမဲ့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနေရတာကြောင့် နွမ်းဖတ်ကျိုးကြေနေသည့် ကောင်မလေးဟာ ပိုင်စိုးနှင့် ခပ်ဆင်ဆင်။

သူတို့ (၂)ယောက် တိုင်ပင်ကြရဦးမည်။ သူတို့ ကျောက်တွေကို ထုခွဲရောင်းချပြီးလျှင် ဒီဦးလေးလင်မယားထံ ဝေစုပေးလိုက်လို့ ကတော့ အဆိပ်ပင်ရေလောင်းပဲ ဖြစ်မှာ ။

ပိုင်စိုးညီမလေးကလည်း ဒီယမမင်းတွေရဲ့ လက်မှ လွတ်မှာ မဟုတ်တော့။

'ဘာယူမှာ လဲ'

အနားသို့ရောက်လာသည့် အရက်ဆိုင်ရဲ့ စားပွဲထိုးမလေး။

'မင်း ပိုင်စိုးညီမလေးလား'

'ဟုတ်တယ်၊ ဦးလေးတို့ က အစ်ကို့သူငယ်ချင်းတွေလား'

'ဟုတ်တယ်'

သူလေး မျက်နှာလေး ဝင်းလက်သွားပုံက သိသိသာသာ။

‘အစ်ကိုရော၊ အစ်ကို ဘယ်မှာ လဲ၊ ဖားကန့်ကို ရေမဆေးကျောက် ရှာမယ်ဆိုပြီး ထွက်သွားလိုက်တာ ခုထိ ဘာသတင်းမှ မကြားရဘူး’

ဝသုန်နှင့်ခက်ထန် ကောင်မလေးကို ကြည့်ပြီး ချက်ချင်းပြောလို့ မထွက်။ စကားလုံးတွေ စီစဉ်နေရသေးသည် ။

ကောင်တာမှ ဦးလေးနှင့်အဒေါ်က မျက်ထောင့်နီကြီးနှင့် သူလေးကို လှမ်းအော်တာ။

‘ရွှေပိန်ညင်း။ မေးလေ၊ ဘာယူမလဲ မေး။ အလကား အမှုးသမား တွေကို အရောမဝင်နဲ့ လို့ ငါပြောထားတာ’

‘အလကားဘီလူးတွေ၊ လူယောင်ဆောင်နေတာ။ မင်းသားတွေ မဟုတ်ဘူး ။ နင့်ကို ဝါးစားကြမယ့် ဘီလူးတွေ’

ပြောချက်က ရင့်သည် ။ သူတို့ ကိုများ ဘီလူးတွေတဲ့ ။ အင်းလေ၊ ဒါ သူတို့ တူမကို ကာကွယ်ပေးတဲ့ စကားလုံးတွေပေ့ါ’

ရွှေပိန်ညင်းတဲ့ ။ ပိန်ညင်းငှက်ကလေး။ မိုးဦးကျမှာ မိုးခေါ်လို့ ဆင်းလာနိုင်မည့်ငှက်ကလေး။

ယုတ္တိရှိအောင် အရက်တစ်ပုလင်းနှင့် မြေပဲဆားလှော်(၂)ထုပ် မှာ လိုက်ကြရသည် ။

ကောင်မလေးက မျက်စိမျက်နှာတွေ ပျက်လို့ ။ ငါတို့ အရက်သမားကြီးတွေ မဟုတ်ပါဘူး ရွှေပိန်ညင်းရယ်။ မစိုးရိမ်ပါနဲ့ ။

ရွှေပိန်ညင်း အရက်နှင့်မြေပဲဆားလှော် သွားယူနေတုန်း သူတို့ (၂) ယောက် တိုင်ပင်ကြရသည် ။

‘ခက်ထန် မင်း တကယ်သောက်မလို့ လား’

'မသောက်ပါဘူး၊ ဟို ဘွားတော်ကို ကြောက်လို့ မှာ ရတာပါ'

'ပိုင်စိုးအကြောင်း ဘယ်လိုပြောရပ့ါမလဲ။ ငါတို့ ကိုများ ပြဿနာရှာကြဦးမလား'

'အဲဒါထက် ဝေစုတောင်းနေရင် ဒုက္ခ၊ ငါက ရွှေပိန်ညင်းကိုပဲ ပေးချင်တယ်။ ဟိုလင်မယားကို စေတနာမရှိဘူး'

'ဘယ်လိုကိုင်တွယ်ရမှန်းတောင် မသိပါဘူးကွာ။ ခေါင်းစားလိုက်တာ'

'ဒီလိုလုပ်၊ ငါတို့ အခြေအနေကို သိပြီပဲ။ ထိပ်တိုက်ရင်ဆိုင်လို့ တော့ မလွယ်ဘူးကွ၊ လိမ္မာပါးနပ်စွာပဲ ကိုင်တွယ်ရမယ်'

'အေး... တော်ကြာ ပွတ်တိုက်မှုတွေ များ လွန်းရင် မလွယ်ဘူး။ သူတို့ ကို တစ်နေရာကပဲ ဖုန်းနဲ့ သတင်းပေးမယ်'

'အရေးကြီးတာ ရွှေပိန်ညင်းပဲ။ သူ့ကို တို့ ဘယ်လိုကယ်ထုတ်ရမလဲ'

နှစ်ယောက်သား ရောက်လာသည့် မြေပဲဆားလှော်ကို ဖောက်စားရင်း အရက်ကို ခွက်ထဲထည့်ကြသည် ။

သူတို့ ဟာ အရက်မသောက်တတ်သည့် သူတော်စင်တွေ မဟုတ်ပေမဲ့ ဒီလို အသေစောမည့် အရက်ကြမ်းတွေတော့ မသောက်ပါ။

အရက်ဆို ဘယ်အရက်မှ မကောင်းပါဘူးလေ။ တစ်ခါတလေ ဘီယာသောက်တာတောင် ဗိုက်ကြီးပူ လာပြီး အသည်းကို သွားထိသေးတာ။ မကြာမီ အရက်သမားတွေ အများ အပြား တဖွဲဖွဲနှင့် ရောက်လာကြပြီး ရွှေပိန်ညင်းရော သူ့ဦးလေးပါ စားပွဲထိုးနေကြသည် ကို သူတို့ နှစ်ယောက် စိတ်မချမ်းသာစွာ မြင်နေကြရသည် ။

ရွှေပိန်ညင်းရဲ့ အလုပ်က မြွေပွေးကို နို့တိုက်နေရသည့် အလုပ်။ ကျားလှောင်အိမ်ထဲဝင်ပြီး ကျားကို ရေချိုးပေးနေရသည့် အလုပ်။

ဒီလူကြီးနှယ် ကိုယ့်တူမ အပျိုလေးကိုများ ခိုင်းရက်လိုက်တာ။ ပုံစံကြည့်ရတာ ပိုင်စိုး သည် အထိတော့ သိပုံမရ။

‘ကဲ ထ တို့ တည်းခိုခန်းလေး ဘာလေး ရှာပြီး တည်းစို့၊ ရွှေပိန်ညင်းကိစ္စကို ပရောဂျက်ဆွဲကြစို့’

နှစ်ယောက်သား ငွေရှင်းပြီး ကောင်မလေးကို တီးတိုး ပြောခဲ့ရသည်။

‘အစ်ကိုတို့ မနက်ဖြန်မှ ပြန်မှာ ။ ဟိုဘက်လမ်းက တည်းခိုခန်းမှာ တည်းမယ်။ ရွှေပိန်ညင်း အစ်ကိုအကြောင်း သိချင်ရင် ဆက်သွယ်ပါ’

သူတို့ နှစ်ယောက် တွေ့ခဲ့ရသည့် ‘ရွှေယမင်း’ တည်းခိုခန်းမှာ တည်းခိုရင်း ရွှေပိန်ညင်းကိစ္စအတွက် ဆွေးနွေးကြရသည် ။

***